မုတ်ကျိတ်ကျေးရွာ

နန့်ဝါကျေးရွာအုပ်စု၊ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်
ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊မုတ်ကျိတ်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဝိုင်းမော်မြို့နယ်၏ အကူညီဖြင့် ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၊

မာတိကာ

စကားချီး ၅

မုတ်ကျိတ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဝိုင်းမော်မြို့နယ် ၇

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၈

(၁) နိဒါန်း –ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ –ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၇

(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၁၉

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၇

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား-၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား-၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား-၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားနှုန်းထား

ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား-၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား-၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား-၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား-၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဇရိယာ
ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား-၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား-၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား-၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား-၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ
ဇယား-၂၅ ရွှေ့ပြောင်းသွာလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား-၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန့်ပို့ငွေ
ဇယား-၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား-၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား-၃၁ ကျောင်းတက်နှုန်း
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား-၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား-၃၄ အဖြစ်များသော ရောဂါများ
ဇယား-၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား-၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား-၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား-၃၈ အိမ်သာအမျိုးအစား
ဇယား-၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား-၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား-၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား-၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား-၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း
အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ
DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB မြန်မာ့စီးပွားရေးဘဏ်
MMK မြန်မာကျပ်
MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
NGO အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
STD လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ
PTA မိဘဆရာအသင်း
TB တီဘီရောဂါ
VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာ များ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအားအထူးပင် ကျေးဇူး တင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေး ပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းကဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာ များမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင် မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မုတ်ကျိတ်ကျေးရွာ
ဝိုင်းမော်မြို့နယ်

ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ဆည်မြစ်ကြီး၊ ကျောက်ဆည်ကြီးတို့ကို ပြသထားသော မြေပုံ

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိ ရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ အစီအစဉ် ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါ သည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည် ဖော် ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေ ရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေ သော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင် ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင် ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော် တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤတို့ဖြင့် လုပ် ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော် ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင် မည့် စီမံကိန်းများကို

ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

(၂)ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

မုတ်ကျိတ်ကျေးရွာသည် မြစ်ကြီးနား-ဝိုင်းမော်-ကန်ဝိုင်တို ကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး နန့်ဝါကျေးရွာ အုပ်စုတွင် ပါဝင်သော ကျေးရွာဖြစ်သည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အရှေ့ဘက်တွင် နန့်ဝါကျေးရွာနှင့်အနောက်ဘက်တွင် လမြန်ကျေးရွာ တည်ရှိပါသည်။ ကျေးရွာ၏ တစ်နှစ် ပျမ်းမျှမိုး ရေချိန်(၈၀")နှင့်(၁၀၀")ကြားတွင် ရှိပါသည်။ အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ကျေးရွာတည်ရှိရာ မြေပြန့်ဒေသတွင် တည်ရှိပြီး မြစ်ချောင်းများနှင့်လယ်ယာ၊ခြံမြေရှိရာ နေရာဖြစ်သည်။စပါး၊နှမ်း၊မုန်ညင်းစိုက်ပျိုးခြင်းလုပ်ငန်းသည် အသက်မွေးဝမ်းကျောင်းရန် အတွက် အဓိကအားထားရဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏ လယ်ယာမြေသည် မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ကြပြီး ကျေးရွာတွင် လယ်ယာမြေဧက(၆၇၀)ဧကနှင့် ဥယျာဉ်ခြံ မြေဧက(၂၀) ဧက ရှိပါသည်။ ကျေးရွာတွင် သယံဇာတ မထွက်ရှိပါ။တောင်သူအချို့မှာ ဝါရှောင်ဆည်ရေလှောင်တမံမှ ဆည်ရေနှင့်မိုးရေတို့ဖြင့် လယ်မြေဧကကို ရေသွင်းစိုက်ပျိုး နိုင်သည်။လယ်ထဲတွင် မိုးစပါးတစ်မျိုးတည်းသာ စိုက်ပျိုးပြီး တောင်ယာခင်းများသည် ဆောင်းသီးနှံ များဖြစ်ကြသော နှမ်း၊မုန်ညင်းတို့ကိုလည်း စိုက်ပျိုးကြသည်။

(၃)ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

အိမ်ထောင်စုပေါင်း(၂၅၀)စုနှင့် ကျား(၆၆၁)ဦး၊မ(၈၂၈)ဦးဖြင့် လူဦးရေ စုစုပေါင်း (၁၄၈၉)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းရှိပြီး နိုင်ငံတော်သတ်မှတ်ချက် တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှင့် ညီမျှသည်။ ကျေးရွာတွင် ကချင်လူမျိုးအများစုနေထိုင်ကြသည်။ အလုပ်လုပ်နိုင်သော အရွယ် သည့် လူဦးရေ၏ (၇၀%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ကျေးရွာတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများပါသည်။

(ခ)စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲ ချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၀%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အဆင့်တွင် ရှိကြပြီး

(၁၀%)သည် ချမ်းသာသည့် အဆင့်၊ (၄၀%)သည် အလယ်အလတ်အဆင့်ရှိကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်သည်။ အချို့အိမ်ထောင်စုများသည်လည်း အစိုးရဝန်ထမ်း၊စျေးရောင်းစျေးဝယ်နှင့်မြေယာအနည်းငယ်ပိုင်သော အိမ်ထောင်စုများလည်းရှိပါသည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း များမှ နေ့စားလုပ်သားများပြုလုပ်ကြပြီး တစ်နိုင်တစ်ပိုင်ရှာဖွေလုပ်ကိုင်စားသောက်နေကြကြောင်းနှင့် သီးနှံသိမ်းရာသီပြီးဆုံးချိန်တွင် အလုပ်ရှားပါးမှုပြဿနာ ကြုံ တွေ့ ရသည်။အချို့အိမ်ထောင်စုများသည် သူများထံမှချေးငှားပြီးမှ နှပ်မှန်အောင်စားနိုင်သော အိမ်ထောင်စုများလည်းရှိသည်။သီးနှံပေါ်ချိန်တွင် မိမိလုပ်အားဖြင့်ရပ်တည်နိုင်ပြီး မိုးတွင် စပါးစိုက်ပြီးချိန်တွင် သူတစ်ပါးထံတွင် ချေးငှားရချိန်ဖြစ်သည်။

အိမ်ထောင်စုတိုင်းလိုလို (၂၀၀၀၀)ကျပ်မှ (၃၀၀၀၀၀)ကျပ်အထိ အကြွေးတင်ရှိသည်။လယ် (၅)ဧကမှ (၁၅)ဧကပိုင်ဆိုင်သော တောင်သူများသည် (၉)သိန်းမှ (၁၅)သိန်းအထိ အကြွေး(၈)လတင်ရှိကြသည်။မုဆိုးမဦးစီးသော အိမ်ထောင်စု(၁၂)ခန့် စုသည် ကလေးများ၏ ပညာရေး၊ကျန်းမာရေးနှင့်စားဝတ်နေရေးအတွက် ဖြေရှင်းနေကြသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် လူငယ်လူရွယ် များသည် ဤဒေသတွင် ကျောက်မှော်၊ရွှေမှော်များပြီး ရွာပြင်ပထွက်ပြီး ငွေရှာသူများပြားပြီး အချို့လူငယ်များသည် အရက်သောက်၊မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်လည်းရှိတတ်ပါသည်။အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိ၍ ယာဉ်မတော်တဆမှုသည် တစ်နှစ်အတွင်း ရံဖန်ရံခါသာရှိပါသည်။

(ဃ)**ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင် ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ဝမှုလည်းရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုအချိန်တွင် အလွန်အဖြစ်များပြီး အမျိုးသမီးလူငယ်လူရွယ် ၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်ရှိကြပါသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိနိုင်ကြပြီး ၁၁ကီလိုမီတာ ကွာဝေးပြီးအ ကားလမ်းဖြင့် အတလွယ်တကူ သွားလာနိုင်သော ဝိုင်းမော်မြို့နယ်ဆေးရုံဆေးဆိုင်များနှင့် လည်း လက်လှမ်းမီသည်။ ကျေးရွာတွင် ဆေးပေးခန်းဆေးရောင်းသောဆေးဆိုင်လည်း ရှိသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊မော်တာတုံကင်များမှ မြေအောက်ရေကို အလွယ်တကူရရှိနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောတိုက်ဖွိုက်၊အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှု များ နည်းပါးကြောင့် နှင့် ကန်ရေမရှိဘဲတွင်းရေသာ တစ်ရွာလုံးတွင်းရေကိုသာ အသုံးပြုကြ ပါသည်။

(ငါ)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံ အရေး၊အဖတ်၊အတွက်တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နိမ့်နေသည်ကို တွေ့ရှိရသည်။ အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းနှင့်အလယ်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများလည်း နှိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။

(စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတန်းတူစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိုးကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် မအရေအတွက်မှာ ကျားအရေအတွက်နှင့်အခွင့်အရေးအတူတူပင်ဖြစ်သည်။သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုများရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ် အားလျှော့နည်းပြီး ရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှု အားနည်းသည်ကို တွေ့ရ သည်။ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများဖြင့် ဆောင်ရွက်ပေးခြင်းနှင့် ကျား-မတန်းတူ ညီမျှမှု ဖွံ့ဖြိုးတိုးတက်လာနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၅)ဖွဲ့ရှိပြီး ဘာသာရေးဆိုင်ရာ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့နှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းလည်း ရှိသည်။ ဖွံ့ဖြိုးရေးဆိုင်ရာ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ကော်မတီများဖွဲ့ပြီး အသေးစားငွေချေးလုပ်ငန်းဖြစ် သည့် သမဝါယမအဖွဲ့၊မြစိမ်းရောင်အဖွဲ့နှစ်ဖွဲ့ကို ပြင်ပမှ လာရောက်ဖွဲ့စည်းထားခြင်းဖြစ်ပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ရွာငွေစုငွေချေးလည်ပတ်ဆောင်ရွက်မှုတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး စွမ်းဆောင်ရည်မြင့်တင်ရေး အတွက် သင်တန်းရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီ မံအုပ်ချုပ်မှု ၊စီးပွားရေးတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ကျေးရွာတွင် စီမံကိန်းဆိုင်ရာလုပ်ငန်းများ၊အစုအဖွဲ့လိုက် အသေးစားငွေစုငွေချေးအဖွဲ့တွင် ကျား-မ တန်းတူအခွင့်အရေးရရှိကြသည်။

(ခ)**သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် လယ်ကေ(၆၇၀)ကေခန့်ရှိသည်။အဓိက မိုးစပါးစိုက်ကြသည်။ကျေးရွာဆည်ရေ သွင်း စိုက်ပျိုးနိုင်သောလယ်(၆၀)ကေခန့်ရှိပြီး ကျန်လယ်များသည် မိုးရေခံဖြစ် စိုက်ပျိုးကြသည်။ မိုးစပါးသည် ပျမ်းမျှထွက်နှုန်း(၁)ကေလျှင်(၉၀)တင်း ထွက်ရှိသည်။ ဆောင်းသီးနှံအဖြစ် နှမ်းနှင့်မုန်ညှင်းတို့ကို လည်း စိုက်ပျိုးကြသည်။ဆောင်းသီးနှံစိုက် ပျိုးမှုတွင် နည်းပညာနည်းခြင်းကြောင့် အသင့်အတင့်သာ အောင်မြင် ပါသည်။

တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်မားတတ်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိမ်း ယူ၍ ကောက်စိုက်ခအတွက် ပေးကာ လယ်ယာအလုပ်ကို လုပ်နိုင်ကြသည်။တောင်သူလယ်သမားများသည် တစ်ခါတစ်ရံ မိုးရွာသွန်းမှု မလုံလောက်သည့် ပြဿနာကို ကြုံတွေ့နေကြသည်။လယ်စိုက်ခင်းများတွင် အဓိက အားဖြင့် စပါးဖျက်ပိုးဖြင့် ခရုများတစ်နှစ်ထက်တစ်နှစ် ပိုမိုများလာနေသည်ကို တွေ့ရသည်။ အခြားဖျက်ပိုးများလည်းရှိပြီး ယင်းဖျက်ပိုးများကို ပိုးသတ်ဆေးများ လုံလောက်စွာ သုံးစွဲနိုင်မှသာ စပါး အထွက်နှုန်း သာမန်ရရှိနိုင်ပါသည်။

ကျေးရွာတွင် ဒေသကြက်နှင့်ဒေသဝက်များကို အိမ်ထောင်စုများသော်လည်း တစ်နိုင်တစ်ပိုင်သာ မွေးမြူ ကြသည်။ရာသီအလိုက် ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ် များပြီး ရောဂါကြောင့် သေဆုံးပျက်စီးဆုံးရှုံးမှုများရှိတတ်သည်။နည်းပညာဝန်ဆောင်မှုရရှိသော်လည်း ကျေးရွာတွင် မွေး/ကုဆရာများ မလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။မွေးမြူ ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ချေးငွေအလွယ်တကူမရနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန်အတွက် မွေးမြူရေးလုပ်ကိုင်သူ နည်းနေသည်ကို တွေ့ရသည်။ ကြက်နှင့်ဝက်များကို သာ အိမ်တွင်းစားသောက်ရန်အတွက်သာ မွေးမြူကြသည်။ကျွဲ၊နွားတို့အား အားစိုက်ပြီး မွေးမြူချင်သော်လည်း စားကျက်မြေမရှိပါသဖြင့် အဆင်မပြေကြ၍ မွေးမြူရေးကို အနည်းငယ်သာ မွေးမြူကြသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာ စျေးရောင်း၊ သယ်ယူပို့ဆောင်ရေး၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးချိန် ရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်သောကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကိုလည်း တက်မြောက်သင်ကြား ကြသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မော်တော်ဆိုင်ကယ်ပြင်၊ကားမောင်း၊ဝပ်လျှော့စသည်တို့သည် အသက်မွေးသင်တန်းဟု ယူဆခြင်းဖြစ်သည်။အချို့သည် အဆိုသင်တန်းတတ်မြောက်ထားသော်လည်း ငွေ ရေးကြေးရေး ခက်ခဲမှုကြောင့် မိမိတက်မြောက်သည်ကို ထိတွေ့နည်းနေသည်။အကောင်အထည်ဖော် ဆောင် ရွက်နိုင်ခြင်း မရှိကြသည်ကိုလည်း တွေ့ရသည်။လုပ်ငန်းထူထောင်ရန် ငွေကြေးမတတ်နိုင်ချေ။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စိုက်ပျိုးရေးများတွင် ဖျက်ပိုးများတတ်ရောက်ခြင်းကြောင့် ဆေးနှင့်ဓာတုမြေဩဇာသုံးစွဲ မှု များ များပြားသဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာနေသည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ် နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုခြင်းနှင့် ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ် တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်များ အလွန်နောက်နည်းပျက်စီးလာနိုင်သည်။ထို့ကြောင့် အသိ ပညာပေးဟောပြောပွဲ သင်တန်းများ ဆောင်ရွက်ပေးသင့်သည်။ အခါအားလျော်စွာဖြင့် မိုးများခြင်းကြောင့် အချို့သော လယ်ယာစိုက်ပျိုးကာလတွင် ပြဿနာတစ်ရပ်ဖြစ်စေပါသည်။

(င)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်)မှ မိုးချေးငွေဝန်ဆောင်မှုရရှိပြီး ပြန်ဆပ်ရန် ကာလမှာ (၆)လဖြစ်သည်။အတိုးနှုန်းမှာ ပြား(၈၀)ကျပ်ရှိပြီး အပေါင်ခံပစ္စည်းမှာ လယ်နှင့်ချေး ငွေရရန် အခက် အခဲပုံစံမှာ ပုံစံ(၇)မရရှိသူများ ချေးငွေမရရှိနိုင်ကြောင်း သိရှိရသည်။သမဝါယမငွေစု ငွေချေးအသင်းမှလည်း ချေးငွေရရှိပြီး ပြန်လည်ပေးဆပ်ရမည့်ကာလမှ (၆)လဖြစ်သည်။အတိုးနှုန်းမှာ (၂.၅)ကျပ်ရှိပြီး အပေါင်ခံပစ္စည်း အဖြစ် ခြံမြေလိုအပ်ကြောင်း သိရှိရသည်။ မြစိမ်းရောင်စီးမံကိန်းအဖွဲ့မှလည်း ပြန်လည်ပေးဆပ်ရမည့် ကာလ(၆) လတစ်ကြိမ် ဖြစ်ပြီး အတိုးနှုန်း ပြား(၅၀)ကျပ်ဖြင့်စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအတွက် ချေးယူကြသည်။ အချို့အိမ်ထောင်စုများမှာ ရွာထဲရှိ ငွေတိုးချေးသူများထံမှ တစ်သိန်းလျှင် အတိုး(၅မှ၆)ကျပ် အတိုးနှုန်းဖြင့် မိတ်ဆွေ၊မိသားစုဝင်များထံမှလည်း ချေးယူနိုင်ကြသည်။ကျေးရွာ၏ အများစုလိုအပ်သော ချေး ငွေများမှာ (ရိက္ခာ)အတွက် ကျန်းမာရေး၊ပညာရေးတို့အတွက် အကြောင်းပြုပြီး ချေးယူသူများကြပါသည်။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းနှင့် အလယ်တန်းကျောင်း(၁)ကျောင်းတို့ရှိပြီး ကျောင်းဆောင်မှာ သွပ်မိုး ၊အုတ်နံရံကပ်နှင့်အင်္ကတေအခင်းကျောင်းဆောင်ဖြစ်သည်။ ကျေးရွာ၏ ပညာရေးမှာ အသင့်တင့်ရေးတတ်ဖတ်တတ်ကြသည်။ကျောင်းအိမ်သာမှာ အသင့်အတင့်ကောင်းမွန်ပြီး ကျောင်းသုံးပရိဘော ဂများလုံလောမှု မရှိကြောင်း တွေ့ရသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီး ဆရာမ(၁)ဦးနှင့်ဆရာမအကူ(၁)ဦးရှိလည်းရှိပါသဖြင့် ဝန်ဆောင်မှု လက်လှမ်းမီသည်။မုတ်ကျိတ်ကျေးရွာသည် လျှပ်စစ်မီးရရှိသောရွာဖြစ်သော်လည်း အအေးခန်းဖြင့် သိုလှောင်ရန်လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်မှု မရှိသေးပါ။

ကျေးရွာတွင် သောက်သုံးရေအတွက် ရေတွင်းမှ မော်တောဖြင့် တင်၍ သန့်ရှင်း သောက်သုံးရေကို သောက်သုံးနိုင်သည်။ချမ်းသာသောအိမ်ထောင်စုများသည် အိမ်သာများကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စု တစ်ရွာလုံးနီးပါးကလည်း ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲနိုင်ကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွား တတ်သောရောဂါဖြစ်ပွားမှုနည်းပါးသည်၊

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည်ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။လူငယ်များအနေဖြင့် ယဉ်ကျေးမှုဆိုင်ရာ သင်တန်းများကိုလည်း သင်ကြားတတ်မြောက်ထားကြသည်။

(ဇ)အခြေခံအဆောက်အဦ–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ၂၀၁၆–၂၀၁၇ခုနှစ်က ပေပေါင်း(၂၅၀၀)အရှည်ရှိသော သဲကျောက်လမ်းကို လွှတ်တော်မှ ခင်းပေးခဲ့သည်။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီနှင့်လေးလုံးထိုးများ မောင်းနှင်ကြသည်။ ရေလမ်း၊ခရီးအသုံးပြုသူ မရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်ကိုသာ အဓိက အသုံးပြုကြ သည်ကို တွေ့ရသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၅–၂၀၁၆ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာအိမ်ထောင်စုအားလုံး၏ အိမ်ထောင်စု(၂၄၀)ခန့် သွယ်တန်းအသုံးပြုပြီးဖြစ်သည်။ကျေးရွာတွင် မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို ၆၀%ခန့် အသုံးပြုနိုင်ပြီး အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုရန် နည်းသည်ကို တွေ့ရှိရသည်။ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး သတင်းစာ၊ဂျာနယ်တို့ကို လည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အထောက်အကူ အသင့်အတင့်ရှိနေပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးသည်။ တည်ငြိမ်းအေးချမ်းမှုကြောင့် နေထိုင်မှုနှင့် လုပ်ကိုင်စားသောက်ရန် လွယ်ကူချောမွေ့စေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးမှု အစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ရွာသားများသည် ရဲစခန်းနှင့်အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်း နည်းပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ရရှိသောအိမ်ထောင်စုများသည် လျှပ်စစ်မီးကို အသုံးပြုနိုင်ပြီး မီးဖိုချောင် ချက်ပြုတ်ရေးတွင် ထင်းသက်သာစေ ပြီး အချို့အိမ်ထောင်စုများမှာလည်း ထင်းများကိုသာ အသုံးပြုနေကြသည်ကို တွေ့ရှိရပါသည်။လျှပ်စစ်မီး ရရှိခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားရေး ပြီး ကျောင်းသူ/သားများ အတွက် စာကျက်ချိန် တွင် အဆင်ပြေစေပြီး အိမ်တိုင်းအတွက် ဖယောင်းတိုင်ဝယ်ယူနှုန်း သက်သာသွားသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် လူငယ်ပညာတတ်များပြီး မိဘများ၏ အလုပ်များကို ကူညီကြပြီး လယ်ယာ တောင်ယာများထဲမှာ အချိန်ကုန်ဝမ်းစာအတွက် ကြိုးစားနေကြောင်း တွေ့ရပါသည်။ ဘွဲ့ရအရေအတွက်မှာ အလွန်နိမ့်နေသည်ကို တွေ့ရှိရသည်။ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်း သင်တန်း ၊အချို့တက်မြောက် ထားပြီး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်အသင့်အတင့်ကောင်းမွန်လာပါ သည်။ ကျေးရွာ လူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်း များနှင့် ဝန်ဆောင်မှုများတို့လည်း အလွယ်တကူ ရရှိနိုင်ပါသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်နေရသော ဆေးဝါး ကုသလိုမှုအတွက်လည်း ဝိုင်းမော်မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြ သည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အတင့်ကောင်း မွန်သည်။တောင်သူများမှာလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ ဆောင်းရာသီချိန်ခါတွင် နှမ်းမုန့်ညှင်းအနည်းငယ် စိုက်ပျိုးကြသည်။ ကျေးရွာလူထုများသည်မြို့သို့ သွားလာ သောလမ်းမှာ ကတ္တရာလမ်းမတို့ဖြင့် သွားလာနေပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာ ထွက်ကုန်များ အလွယ်တကူ တင်ပို့ ရောင်းချနိုင်သည်။

(ခ)အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာတွင်လယ်ယာမြေများ၊မြေဆီအသင့်အတင့်ကောင်းမွန်ခြင်းမှလွဲ၍ အခြားသံယောဇာတများ မထွက်ပါ။လူဦးရေတိုးပွားလာသည်နှင့်အမျှ လယ်မြေချဲ့ရန် မြေလွတ်များမရှိ၍ အဟန့် အတားတစ်ရပ်လို ဖြစ်နေပါသည်။အထွက်တိုးရန်သာ အားသွန်ခွန်စိုက် ကြိုးစားရမည်။

ဝါရှောင်ဆည်မှ နွေစပါးအတွက် ဧက(၅၀)စိုက်ပျိုးနိုင်သော်လည်း ဆောင်းရာသီတွင် ပဲပုတ်၊ မြေပဲများသာ စိုက်ပျိုးကြသည်။ဆောင်းရာသီစိုက်ပျိုးရေးတွင် နည်းပညာအသုံးပြုမှုနှင့် ဓါတ်မြေဩဇာ အသုံးပြုမှုနည်းပါးသည်။စိုက်ပျိုးရေးတွင် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊အရင်းအနှီး၊ မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်မှု အားနည်းခြင်းကြောင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ဆောင်းသီးနှံ စိုက်ပျိုးရေးတွင် ဘဏ်နှင့်အခြားပြင်ပအဖွဲ့အစည်းများ၊ချေးငွေထုတ်ချေးပေးခြင်းမရှိပါ။ အတိုးနှုန်းကြီး မားသောအပြင် မိသားစုငွေတိုးချေးစားသူများထံမှ ချေးသုံးရခြင်းကြောင့် တောင်သူများ ဆင်းရဲတွင်းမှ

မရှိန်းထွက်နိုင်သော အခြေအနေသို့ ရောက်ရသည်။ကျေးရွာတွင်းမှလည်း အိမ်တွင်းထုတ်လုပ်မှု လုပ်ငန်း မရှိခြင်း၊အိမ်တွင်း ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ကျွမ်းကျင်တတ်အသိပညာ အား နည်းခြင်းကြောင့် အလုပ်အကိုင်နှင့်ပုံမှန်ဝင်ငွေမရခြင်း ဖြစ်သည်။

၆။ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ် တာကာလအတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရေးရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေး ငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေ ပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာ ရမည်။

(ခ)အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက် ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်း နှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရဦ အခြားနေရာများနှင့်ချိတ်ဆက်ပေး မည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလား တူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများမှတဖန် ကျေးရွာတွင်ရရှိထား သော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ် လုပ်မှုတိုးတကစေမည်။

(ခ-၂) ကျွန်ုပ်တို့သည်ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသော သင်တန်း များတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်

တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်တက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်း ဖြင့်ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက်သည်။ပညာရေးဌာနနှင့် ချိတ် ဆက်ပြီး မူလတန်းကျောင်းခွဲအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိ နိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာစျေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အဦ များတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင် ကျေးရွာအဆောက် အအုံ များကို အသုံးပြုစီမံခန့်ခွဲ၊ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲမှု၊ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင် စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေ ပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိ အောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့်ကိစ္စ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ ရေရှည်တည်တံ့မည့်အထောက်အပံ့များကိုလည်း နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျေးရွာသားများမှ လုပ်ကိုင် ရရှိခဲ့မှုကို နောက်ဆုံး အတည်ပြုဖွံ့ဖြိုးရေး အစီအစဉ် များကိုလည်း သတ် မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။

(ခ) **စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ဤကျေးရွာလယ်ယာမြေများကို သီးထပ်စပါးများ မစိုက်ပျိုးဘဲ မြေပဲ၊ပဲပုတ်၊ရှမ်းပဲပုတ် များ စိုက်ပျိုးကြပြီး ဖျက်ပိုးများ မကျရောက်သဖြင့် ရွာသားများဝင်ငွေလျော့နည်းမှုကို ကာကွယ်နိုင်ပါ သည်။

(ဂ)**ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဤကျေးရွာတွင် ဆင်းရဲတောင်သူနှင့်အလယ်အလတ်တောင်သူများအတွက် လိုအပ်သော ချေးငွေကို စနစ်ပြောင်းလဲချမှတ်သင့်ပါသည်။တောင်သူများအမှန်တကယ်လိုအပ်သော စိုက်ပျိုးရေး ကဏ္ဍနှင့် အခြားအသေးစားလုပ်ငန်းများအတွက် အထိုက်အလျောက် ရင်းနှီးငွေများပြား လိုအပ် ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားသော်လည်း လုပ်ငန်းအတွက် လုံလောက်သော အဆင်ပြေမှု မရှိကြောင်း သိရပါသည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှု များအဖြစ် သဘောတရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များ သည် (၅)နှစ် တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ် ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကတွက်ချက်မှုများဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာ စီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလက ဖော် ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည် (၂)နှစ်၊(၃)နှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း(၅)နှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ် သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့်(၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional Classification) ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများ အလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Functional Classification)သည် စီမံချက်များကို အကဲဖြတ် ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး၊ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ					
ကဏ္ဍ	**စီမံချက်**	**ရမှတ်ပေါင်း**	**အဆင့်**	**စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက်**	**မှတ်ချက်**
အုပ်ချုပ်ရေးကဏ္ဍ အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု	၁။ဘေးကင်းလုံခြုံရေးနှင့် အမျိုးသမီးများဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး	၆၄	၇	-ဘေးကင်းလုံခြုံရေးရရှိရန် အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း -မီးဘေးအန္တရာယ်များ ကာကွယ်နိုင်ရေး -ဒုစရိုက်မှုများမှ ကာကွယ်ရန် ကျေးရွာတွင် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း	အထွေထွေ ဦးစီးဌာန
စိုက်ပျိုးရေးကဏ္ဍ စိုက်ပျိုးရေးသွင်းအားစုနှင့် နည်းပညာသင်တန်း	၂။စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၇၆	၆	-စိုက်ပျိုးရေးသွင်းအားစု ဆက်သွယ်မှုရရှိရန် -စိုက်ပျိုးထုတ်ကုန်များကို ဈေးကွက်ရရှိရန် -မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း -ဆည်မြောင်းများ ဖောက်လုပ်ပေးခြင်း -စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ) -စိုက်ဘဏ်မှချေးငွေကာလတိုးမြှင့်ပေးရန်	စိုက်ပျိုးရေး ဦးစီးဌာန
အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း	၄။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၈၉	၂	-ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း (စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်) -အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးမှု တင်ပြတောင်းဆိုခြင်း -အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းသက်ဆိုင်သောမူဝါဒ၊နိုင်ငံခြားသို့ အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊မူဝါဒ	ကျေးလက် ဦးစီးဌာန

				-အီလက်ထရောနစ်၊မိုဘိုင်းဖုန်းပြုပြင်ခြင်းသင်တန်း	
ဘဏ်နှင့်ငွေြေ ြေးဝန်ဆောင်မှု လုပ်ငန်း ချေးငွေလက် လှမ်းမှီရေး	၅။ရင်းနှီးမတည်ငွေ များ ပိုမိုရရှိလာစေ ရေး	၇၉	၄	-ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း -အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း	ကျေးလက် ဦးစီးဌာန
ပညာရေး ကလေးပညာ ရေးဖွံ့ဖြိုးရေး	၆။ကျေးရွာ၏ ပညာ တတ်မြောက်မှု တိုးတက်ရေး	၇၈	၅	-အသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်း -ကျောင်းစာကြည့်တိုက်များတွင် ပိုမိုပံ့ပိုးပေးခြင်း -ကျေးရွာ၏ ပညာရေးတိုးတက်ရန်အတွက် သင်ထောက်ကူ ပစ္စည်းပံ့ပိုးခြင်း	ပညာရေး ဦးစီးဌာန
ကျန်းမာရေး ကျေးရွာ၏ ကျန်းမာရေး တိုးတက်လာစေ ရေး	၇။ကျေးရွာ၏ ကျန်း မာရေးကဏ္ဍ တိုးတက်လာစေရေး	၆၁	၈	--ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း -ကျေးရွာအတွင်း သန့်ရှင်းရေးများပြုလုပ်ခြင်း	ကျန်းမာရေး ဦးစီးဌာန
မူးယစ်ဆေးဝါး ပပျောက်ရေး	၈။ကျေးရွာရှိ လူငယ် လူရွယ်များ မူးယစ် ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေး	၉၆	၁	-ပြည်ထဲရေးဌာနသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက် တောင်းခံခြင်း -တိုက်ဖျက်ရန်ကော်မတီများဖွဲ့စည်းခြင်း -ကျန်းမာရေးဌာနသို့ မူးယစ်တိုက်ဖျက်ရေးဟောပြောပွဲများလာ ရောက်ပြုလုပ်ရန် တောင်းခံခြင်း	အထွေ၂ အုပ်ချုပ် ရေးဦးစီး ဌာန

လမ်းပန်းဆက်သွယ်ရေး လမ်း၊ တံတားကောင်းမွန်လာစေရေး	၉။ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေ ရေး	၆၁	၈	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာတွင်းလမ်းများ ပြုပြင်ခြင်း -ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတွင်းမြေသားလမ်းများပြုပြင်ခြင်း	ကျေးလက်ဦးစီးဌာန
လူငယ်၊ယဉ်ကေျးမှုနှင့် အားကစား လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာစေ ရေး	၁၀။လူငယ်များနှင့် အမျိုးသမီးများကျန်းမာကြံ့ခိုင်ပြီး စာပေ ဗဟုသုတ လေ့လာ နိုင်စေရေး	၄၁	၉	-စာကြည့်တိုက်များ ပြန်လည်အသက်ဝင်လာစေရန် စာအုပ်များ ဖြည့်ဆည်းခြင်း၊စာပေဟောပြောပွဲများ ပြုလုပ်ခြင်း -စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းပေးခြင်း -အမျိုးသမီးများအား ခေါင်းဆောင်မှုဆိုင်ရာနှင့် ငွေစာရင်းသင်တန်းများပေးခြင်း	ပြန်/ဆက်ဦးစီးဌာန အမျိုးသမီးေေးရာအဖွဲ့

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	**စီမံချက်(Project)**	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	မူးယစ်ဆေးဝါးပပျောက်ရေး	၁	A	A	A	A	A
၂	အလုပ်အကိုင်ရှားပါးခြင်း	၂	A	A	A	A	A
၃	လူငယ်အရင်းအမြစ် သံယောတ အရင်းအမြစ်ကောင်းပြီး ငွေရင်းငွေမြစ်လိုအပ်ခြင်း	၃	A	A	A	A	A
၄	ငွေရေးကြေးရေးခက်ခဲခြင်း	၄	A	A	A	A	A
၅	လူလတ်ပိုင်း ပညာရေးအားနည်းခြင်း	၅	A	A	A	A	A
၆	စိုက်ပျိုးရေးကဏ္ဍနည်းပညာလိုအပ်ခြင်း	၆	A	A	A	A	A
၇	ဘေးကင်းလုံခြုံခြင်း	၇	A	A			
၈	သန့်ရှင်းမှု အားနည်းခြင်း	၈	A	A	A	A	A
၉	လမ်းမကောင်းခြင်း	၈	A	A	A	A	A
၁၀	အစုအဖွဲ့ဖြင့် စနစ်တကျလုပ်ကိုင်ရာတွင် အမျိုးသမီးရုံးတွင် မရှိခြင်း	၉		A	A	A	A

၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာအဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ

တွက်ချက်နိုင် ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် အချို့စီမံချက် များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်း များ ထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

စဉ်	စီမံချက်	ရန်ပုံငွေ	**ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)**			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	မူးယစ်ဆေးဝါးပပျောက်ရေး	√				
၂	ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရေး			√		
၃	ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက် လာစေရေး	√				
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး		√			
၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ ကျွမ်းကျင်မှုများ တိုးတက်ရေး		√			
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက် ရေး			√		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး				√	
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					√
၉	သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး			√		
၁၀	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင် ပေးရေး				√	

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ)**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုအပ်ပါမည်။ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာထုတ်ကုန်လုပ်ငန်းအထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန်၊ မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ)**ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

